# အီးယူ။ ။ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများကို တိုးတက်မှုနှင့်အညီသာ လျှော့ပေးပါ

*အခြေခံအခွင့်အရေးများ ရရှိစေရန်၊ မတရားညှဉ်းပန်းမှုများ အဆုံးသတ်ရန် ပြုပြင်ပြောင်းလဲမှုများ ပိုမိုလိုနေသေး*

(၂၀၁၂ ခုနှစ် ဧပြီလ ၄ ရက် – ဘရတ်စဲလ်စ်) – မကြာသေးမီက မြန်မာနိုင်ငံရှိ ကြားဖြတ်ရွေးကောက်ပွဲများ၊ အခြား တိုးတက်မှုများနှင့်အညီ ဥရောပသမဂ္ဂ အနေဖြင့် အပြုသဘောဆောင်သည့် ခြေလှမ်းများလှမ်းသင့်သည်ဖြစ်သော်လည်း ကန့်သတ်ပိတ်ပင်ချက်များကို အလုံးအရင်းလိုက် ရုပ်သိမ်းရန် မဟုတ်ကြောင်း၊ အီးယူ နိုင်ငံခြားရေးဝန်ကြီးများထံ ပေးပို့သည့်စာတွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ယနေ့ပြောကြားလိုက်ပါသည်။ မြန်မာနိုင်ငံ အပေါ် ၎င်း၏ ဘုံသဘောထားကိုဆွေးနွေးရန် ၂၀၁၂ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် တွေ့ဆုံရန် အီးယူမှ စီစဉ်ထားပါသည်။

ဧပြီလ ၁ ရက်နေ့ မြန်မာနိုင်ငံ ကြားဖြတ်ရွေးကောက်ပွဲများတွင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတိုက်အခံအဖွဲ့က ပါလီမန် ၄၅ နေရာအနက် ၄၃ နေရာ ရရှိခဲ့ပြီး စုစုပေါင်းပါလီမန်နေရာများတွင် ၅ ရာခိုင်နှုန်းခန့် ကိုယ်စားပြုလျက်ရှိပါသည်။

“ကြားဖြတ်ရွေးကောက်ပွဲများတွင် အန်အယ်လ်ဒီ၏ အောင်မြင်မှုကြောင့် မြန်မာနိုင်ငံရှိ တိုးတက်မှုကို တန်ပြန်ဆန့်ကျင်သည့်အင်အားစုများအနေဖြင့် နိုင်ငံကို နောက်ပြန်ဆွဲရန် ပိုမိုခက်ခဲသွားစေမည် ဖြစ်သော်လည်း မြန်မာနိုင်ငံမှာ ရှေ့သို့ တက်လှမ်းမည်ဟု အာမမခံ” ဟု လူ့အခွင့်အရေးစောင့်ကြည့်မှု အဖွဲ့၏ ဥရောပသမဂ္ဂဌာန ဆော်ဩလှုံ့ဆော်မှုဆိုင်ရာ ညွှန်ကြားရေးမှူး လော့တ်လိုက်ခ်က ပြောပါသည်။ “ကန့်သတ်ပိတ်ပင်မှုတွေကို အီးယူ၏ အလုံးအရင်းလိုက် ဖယ်ရှားခြင်း မဟုတ်ဘဲ အပြုအမူအပေါ်တုံ့ပြန်သည့် ချဉ်းကပ်နည်း ကျင့်သုံးမယ်ဆိုရင် လူ့အခွင့်အရေးအခြေအနေ တိုးတက်မှုများ ပေါ်ပေါက်ရန် ပံ့ပိုးနိုင်ပါတယ်။”

အီးယူ နိုင်ငံခြားရေးဝန်ကြီးများက ဗီဇာပိတ်ပင်မှုများ လျှော့ပေါ့ပေးခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အထောက်အပံ့များ တိုးမြှင့်ခြင်းတို့အပါအဝင် အပြုသဘောဆောင်သည့် အဆင့်များကို ထည့်သွင်း စဉ်းစားသင့်သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်မှု အဖွဲ့ကပြောပါသည်။ တဦးချင်းအလိုက် နာမည်ဖြင့် ဗီဇာပိတ်ပင် ထားမှု၊ ,င်းတို့၏ ပိုင်ဆိုင်မှုများကို ရယူခွင့်ပိတ်ပင်ခြင်း ခံထားရသူများသည် မြန်မာနိုင်ငံရှိ အဆင့်မြင့် တပ်မတော်အရာရှိများ သို့မဟုတ် ၎င်းတို့နှင့်ရင်းနှီးသည့် အပေါင်းအသင်းများမဟုတ်ပါက၊ မတရားညှဉ်းပန်းမှုများအတွက် တာဝန်ရှိသူများ မဟုတ်ကြောင်း သေချာစွာစစ်ဆေးပြီး၊ ၎င်းတို့အပေါ် ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးနိုင်ပါသည်။ သို့သော် စစ်အင်အား စုများမှ ယူနီဖောင်းဝတ် အဓိကခေါင်းဆောင်များအပေါ် ပိတ်ပင်ထားမှုများကိုမူ ဆက်လက်ထားရှိနိုင်ပါသည်။

ကျောက်မျက်ရတနာများ၊ သစ်နှင့် သတ္တုတွင်းစသည့် မြန်မာ့စီးပွားရေးကဏ္ဍများအပေါ် အီးယူ၏ကန့်သတ်ချက်များကို ဆက်လက်ထားရှိသင့်သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောပါသည်။ ဤကဏ္ဍများနှင့် အခြားသော သဘာဝအရင်းအမြစ်လုပ်ငန်းများကို တပ်မတော်မှ ချုပ်ကိုင်ထားပြီး အကျင့်ပျက်ချစားမှုကိုအားပေးသည့်နည်းဖြင့် စီမံခန့်ခွဲကာ၊ တပ်မတော်၏ သီးခြားရပ်တည်နိုင်မှုနှင့် အရပ်သားအရာရှိများအပေါ် အရေးယူခံရခြင်းမရှိဘဲ ဥပဒေမဲ့ ပြုကျင့်မှုများကို ပိုမြင့်မားစေပါသည်။ ဤ သဘာဝအရင်းအမြစ်များသည် နိုင်ငံတွင်းရှိ ပဋိပက္ခများ ဖြစ်ကာ တပ်မတော်မှ အရပ်သားလူထုအပေါ် ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေသည့် ဒေသများ တွင် တည်ရှိနေကြောင်း လူအခွင့်အရေးစောင့်ကြည့်မှုအဖွဲ့က ဆိုသည်။ လက်နက်ရောင်းချမှု ပိတ်ပင်ထားခြင်းကိုလဲ ဆက်လက် ထားရှိသင့်ပါသည်။

တိတိကျကျ သတ်မှတ်ထားသော တိုင်းတာချက်များအားဖြင့်မဟုတ်ဘဲ နောက်ထပ် ကောင်းမွန်သော ပြောင်းလဲမှုများ အပေါ် တုံ့ပြန်သည့်အနေဖြင့် လာမည့်သုံးနှစ်ကာလတွင် ကန့်သတ်ချက်များကို ဖယ်ရှားပေးရန် လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့က အီးယူအား တိုက်တွန်းထားပါသည်။ ၎င်းတို့အထဲတွင် နိုင်ငံရေး အကျဉ်းသားများ ထပ်မံလွှတ်ပေးခြင်း၊ တိုင်းရင်းသား ပဋိပက္ခဒေသများတွင် မတရားညှဉ်းပန်းမှုများအား အဆုံးသတ်ခြင်း၊ ဥပဒေတစ်ရပ်လုံး အပြည့်အစုံ ပြောင်းလဲခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းဖွဲ့ပိုင်ခွင့်နှင့် စုရုံးပိုင်ခွင့်တို့ ရရှိစေခြင်းနှင့် ၂၀၁၅ ခုနှစ်တွင် စစ်မှန်သော လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများအတွက် ပြင်ဆင်ခြင်းတို့ ပါဝင်သင့်ပါသည်။

“မြန်မာနိုင်ငံတွင် အပြုသဘောဆောင်သော အပြောင်းအလဲအတွက် အီးယူ၏ ပံ့ပိုးမှုမှာ ရေရှည်တည်တံ့သည့် ပံ့ပိုးမှု ဖြစ်သင့်တယ်” ဟု လိုက်ခ်က ပြောပါသည်။ “လူသားချင်းစာနာမှုဆိုင်ရာ ပံ့ပိုးမှုကို တိုးမြှင့်ရင်း ကန့်သတ်ပိတ်ပင်မှုများကို တဖြည်းဖြည်း လျှော့ပေါ့ပေးခြင်းဟာ၊ ထိုသို့ ဖြစ်ပေါ်လာဖို့ဆောင်ရွက်ရာတွင် အကောင်းဆုံးနည်းဖြစ်သည်။”